# ဥပဒေရေးရာဝန်ကြီးဌာန

## အပတ်စဉ်သတင်းလွှာ

အတွဲ (၁) အမှတ် (၁၅) ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်


## မာတိကာစဉ်


၁။ မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) တွင် ဖော်ပြလျက်ရှိသော ဥပဒေနှင့်နည်းဥပဒေများအကြောင်း သိကောင်းစရာ။ ၂-၄

၂။ မြို့ပြဧရိယာပြင်ပရှိ တည်ဆောက်ပြီး မဟာဓာတ်အားလိုင်းများ၏ လျှပ်စစ်ဓာတ်အားလိုင်းနယ်မြေသတ်မှတ်ခြင်း။ ၅-၆

၃။ အွန်လိုင်းတွင် ပြောဆိုမှုများနှင့် စပ်လျဉ်းသည့် ဥပဒေ(မူကြမ်း)ကို ဂျော်ဒန်ဘုရင်ကအတည်ပြုခဲ့ခြင်း။ ၇-၈

၄။ ဂျပန်နိုင်ငံ၏ နိုင်ငံခြားရှေ့နေမှတ်ပုံတင်စနစ်။ ၉-၁၀

၅။ Facebook နှင့် Instagram App အသုံးပြုသူများ၏ ကိုယ်ရေးအချက်အလက်များအားအသုံးချ၍ ပစ်မှတ်ထားကြော်ငြာခြင်းအတွက် ဒဏ်ငွေရိုက်ခြင်းအား ရပ်ဆိုင်းပေးရန် facebook ပိုင်ရှင် META Company က နော်ဝေးတရားရုံးတွင် တောင်းဆိုခဲ့ခြင်း။ ၁၁-၁၂

## မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) တွင် ဖော်ပြလျက်ရှိသော ဥပဒေနှင့် နည်းဥပဒေများအကြောင်း သိကောင်းစရာ

ဥပဒေရေးရာဝန်ကြီးဌာနက ဝန်ဆောင်မှုများပေးနေသော မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) တွင် ယခုသီတင်းပတ်အတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ထုတ်ပြန်သည့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် မန္တလေးတိုင်းဒေသကြီး၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ၊ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် မန္တလေးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေနှင့် ဆောက်လုပ်ရေး ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ အမှတ် ၁၄၄/၂၀၂၃ ဖြင့် ထုတ်ပြန်ထားသည့် တံတားကြီးများဆိုင်ရာ နည်းဥပဒေများကို အများပြည်သူများ လွယ်လင့်တကူ ကြည့်ရှုနိုင်ရန် ဖော်ပြဝန်ဆောင်မှုပေးထားပါသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာနက ၂၈.၇.၂၀၂၃ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ်၁၄၄/၂၀၂၃ ဖြင့် တံတားကြီးများဆိုင်ရာ နည်းဥပဒေများကို ထုတ်ပြန်ခဲ့ပါသည်။ ယင်းနည်းဥပဒေတွင် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဆောင်ရွက်ရမည့်လုပ်ငန်းတာဝန်များနှင့် သက်ဆိုင်ရာဦးစီးဌာန သို့မဟုတ် ကော်မတီမှဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို သက်ဆိုင်ရာ အခန်းကဏ္ဍအလိုက် သတ်မှတ်ပြဋ္ဌာန်းထားပါသည်။ တံတားကြီးအမျိုးအစားများမှာ သံမဏိကြိုးတံတား၊ သံမဏိသံပေါင်တံတား၊ သံမဏိယက်မတံတား၊ ကြိုတင်အားဖြည့် သံကူကွန်ကရစ်တံတား၊ သံကူကွန်ကရစ်တံတား၊ ဘေလီတံတားနှင့် သစ်သားတံတားဟူ၍ အမျိုးအစား(၇)မျိုး ဖော်ပြထားပါသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာနသည် တံတားကြီး၏ အမည်သတ်မှတ်ခြင်း သို့မဟုတ် အမည်ပြောင်းလဲသတ်မှတ်ခြင်းကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်ရမည်ဖြစ်ပြီး တံတားကြီးနယ်နိမိတ်၊ အမှတ်၊ တည်ရှိသည့်နေရာတို့ကိုလည်း အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်ရမည်ဖြစ်ကြောင်း နည်းဥပဒေ ၃တွင်ထုတ်ပြန်ထားသည်။ ထို့ပြင် သက်ဆိုင်ရာ ဦးစီးဌာန သို့မဟုတ် ကော်မတီသည် ဝန်ကြီးဌာန၊ သက်ဆိုင်ရာဝန်ကြီးဌာနက ချမှတ်သည့်မူဝါဒနှင့်အညီ တံတားကြီးအသစ်တည်ဆောက်ခြင်း၊ အဆင့်မြှင့်တင်တည်ဆောက်ခြင်း၊ တိုးချဲ့တည်ဆောက်ခြင်း၊ တံတားကြီးကြံ့ခိုင်မှု စစ်ဆေးခြင်း၊ တည်ဆောက်ပြီး တံတားကြီးပြုပြင်ခြင်း၊ ထိန်းသိမ်းခြင်း၊

ဖျက်သိမ်းခြင်း၊ စီမံခန့်ခွဲခြင်း လုပ်ငန်းများနှင့်စပ်လျဉ်း၍ နှစ်တို၊ နှစ်ရှည်စီမံချက်များ၊ ဝန်ကြီးဌာနက ချမှတ်ထားသည့် အထူးစီမံကိန်းများနှင့် ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများကို အသေးစိတ် တွက်ချက်ပြီး ဘဏ္ဍာရေးနှင့်လုပ်ငန်းအစီအစဉ်များအား အစိုးရအဖွဲ့၏ သဘောတူခွင့်ပြုချက်ဖြင့် ဆောင်ရွက်ရမည် ဖြစ်ကြောင်း နည်းဥပဒေ ၁၄ တွင် ထုတ်ပြန်ထားသည်။

ဤနည်းဥပဒေ အခန်း ၈ ၌ တံတားကြီးပေါ်တွင် မောင်းနှင်သွားလာခွင့်ပြုသည့် ယာဉ်အတိုင်းအတာ၊ ယာဉ်၊ စက်အမျိုးအစားနှင့် ဘီးအမျိုးအစားတို့ကို သတ်မှတ်ခြင်းနှင့်စပ်လျဉ်း၍ ဖော်ပြထားပြီး အခန်း ၁၁ ပါ "တံတားကြီးအသုံးပြုခ ကောက်ခံရေးစခန်းများ ဖွင့်လှစ်ခြင်း၊ အသုံးပြုခနှုန်းထား ကောက်ခံခြင်း"အရတံတားကြီးအသုံးပြုခကောက်ခံရမည့်ကာလသည် ဘဏ္ဍာရေးနှစ်ကာလအတိုင်း တစ်နှစ်လျှင် တစ်ကြိမ် သတ်မှတ်ရမည်ဖြစ်ကြောင်း၊ ကြားဖြတ်ကောက်ခံရပါကလည်း ဘဏ္ဍာရေး နှစ်ကုန်တွင် သက်တမ်းကုန်ဆုံးစေရမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

မြေသိမ်းဆည်းခြင်း၊ လျော်ကြေး၊ နစ်နာကြေးပေးခြင်း၊ အဆောက်အအုံဖယ်ရှားခြင်း၊ ပြန်လည်နေရာချထားခြင်းနှင့် ငှားရမ်းခြင်းတို့ကို နည်းဥပဒေ ၄၀၊ ၄၁ တို့နှင့်အညီ ဆောက်လုပ်ရေး ဝန်ကြီးဌာနက ဆောင်ရွက်ရမည်ဖြစ်ကြောင်း တွေ့ရှိရပါသည်။

တံတားကြီးပေါ်ဖြတ်သန်း၍ ဆောက်လုပ်ခြင်း၊ သွယ်တန်းခြင်းပြုလုပ်သည့်ပုဂ္ဂိုလ်၊ ဌာန၊ အဖွဲ့အစည်းသည် ၎င်းတို့ပြုလုပ်ထားသည့် ရေနံနှင့်ဓာတ်ငွေ့ပိုက်၊ ရေပိုက်လိုင်း၊ လျှပ်စစ်မီးကြိုးနှင့် ဆက်သွယ်ရေးလိုင်းစသည်တို့ကို ပြင်ဆင်ထိန်းသိမ်းခြင်း၊ ဖြုတ်သိမ်းခြင်းတို့ ဆောင်ရွက်လိုပါက သက်ဆိုင်ရာဦးစီးဌာနမှတစ်ဆင့် ဝန်ကြီးဌာနသို့ ကြိုတင်ခွင့်ပြုချက် တောင်းခံရယူပြီး ဆောင်ရွက် ရမည်ဟု နည်းဥပဒေ ၄၇တွင် ပြဋ္ဌာန်းထားပါသည်။

တံတားကြီး၏ကြံ့ခိုင်မှုကို မထိခိုက်စေရေးနှင့် ပျက်စီးမှုမရှိစေရေးတို့အတွက် တားမြစ်ချက် များကို ဤနည်းဥပဒေ အခန်း(၁၅)၊ နည်းဥပဒေ ၄၈၊ ၄၉၊ ၅၀၊ ၅၁၊ ၅၂ တို့တွင် တိကျစွာ ဖော်ပြ ထားပါသည်။ သက်ဆိုင်ရာဝန်ကြီးဌာန သို့မဟုတ် ကော်မတီသည် အသုံးပြုရန် မသင့်လျော်သည့် မိမိတို့တည်ဆောက်ပြုပြင်ထိန်းသိမ်းသည့် တံတားကြီးကိုဖျက်သိမ်းလိုပါက ဝန်ကြီးဌာနသို့ခွင့်ပြုချက် တင်ပြတောင်းခံရမည် ဖြစ်ပြီး ဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန် ကြေညာထားသော

မှတ်တမ်းဝင် သို့မဟုတ် ရှေးဟောင်းတံတားကြီးဖြစ်လျှင် ဖျက်သိမ်းခွင့်ပြုရန် ငြင်းပယ်ရမည်ဖြစ်ကြောင်း တွေ့ရှိရပါသည်။

တံတားကြီးများဥပဒေနှင့် ဤနည်းဥပဒေများအရ တံတားကြီးအင်္ဂါရပ်များ ပျက်စီးဆုံးရှုံးမှု တန်ဖိုး လျော်ကြေးတွက်ချက်ရာတွင် ပစ္စည်း၊ လုပ်အား၊ စက်သုံးဆီ၊ သယ်ယူပို့ဆောင်ခများကို တံတားကြီးပျက်စီးစဉ်အချိန်တွင်ရှိသည့် လက်ရှိဒေသ ကာလပေါက်စျေးနှုန်းဖြင့် ကျသင့်တန်ဖိုး ထည့်သွင်းတွက်ချက်ရမည်ဖြစ်ပြီး နိုင်ငံခြားသုံးငွေဖြင့် တန်ဖိုးသင့်တွက်ချက်ရပါက မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏နိုင်ငံခြားငွေလဲလှယ်နှုန်းဖြင့်တွက်ချက်ရမည်ဖြစ်ကြောင်းနှင့်မည်သူမဆို ဤနည်းဥပဒေများပါ တားမြစ်ချက်တစ်ရပ်ရပ်ကို လိုက်နာရန်ပျက်ကွက်ပါက တံတားကြီးများဥပဒေဖြင့် အရေးယူခြင်းခံရမည် ဖြစ်ကြောင်း ထုတ်ပြန်ထားသည်ကို လေ့လာ တွေ့ရှိနိုင်မည်ဖြစ်ပါသည်။

e-Government ဌာနခွဲ

ဝန်ကြီးရုံး

ဥပဒေရေးရာဝန်ကြီးဌာန

## မြို့ပြဧရိယာပြင်ပရှိ တည်ဆောက်ပြီး မဟာဓာတ်အားလိုင်းများ၏ လျှပ်စစ်ဓာတ်အားလိုင်း နယ်မြေသတ်မှတ်ခြင်း

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် လျှပ်စစ်ဥပဒေပုဒ်မ ၇၂ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ မြို့ပြဧရိယာပြင်ပရှိ တည်ဆောက်ပြီး မဟာဓာတ်အားလိုင်းများ၏ ဗို့အားအဆင့်အလိုက် လျှပ်စစ်ဓာတ်အားလိုင်းနယ်မြေသတ်မှတ်ခြင်း အမိန့်ကြော်ငြာစာအမှတ် ၂၇၉/၂၀၂၃ ကို ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၁၇ ရက်နေ့တွင် ထုတ်ပြန်ခဲ့ကြောင်း သိရှိရပါသည်။

ယင်းအမိန့်ကြော်ငြာစာအရ မြို့ပြဧရိယာပြင်ပရှိ တည်ဆောက်ပြီး ၅၀၀ ကေဗွီ သို့မဟုတ် ၅၀၀,၀၀၀ ဗို့အားအဆင့်ရှိ မဟာဓာတ်အားလိုင်းကို ဓာတ်အားလိုင်း၏ ဗဟိုမျဉ်းမှ တစ်ဖက်တစ်ချက်သို့ အကျယ် ၁၀၀ ပေစီဖြင့် စုစုပေါင်း ၂၀၀ ပေ ဖြင့်လည်းကောင်း၊ ၂၃၀ ကေဗွီ သို့မဟုတ် ၂၃၀,၀၀၀ ဗို့အားအဆင့်ရှိ မဟာဓာတ်အားလိုင်းကို ဓာတ်အားလိုင်း၏ ဗဟိုမျဉ်းမှ တစ်ဖက်တစ်ချက်သို့ အကျယ် ၇၅ ပေစီဖြင့် စုစုပေါင်း ၁၅၀ ပေဖြင့် လည်းကောင်း၊ ၁၃၂ ကေဗွီ သို့မဟုတ် ၁၃၂,၀၀၀ ဗို့အား အဆင့်ရှိ မဟာဓာတ်အားလိုင်းကို ဓာတ်အားလိုင်း၏ ဗဟိုမျဉ်းမှ တစ်ဖက်တစ်ချက်သို့ အကျယ် ၇၅ ပေစီဖြင့် စုစုပေါင်း ၁၅၀ ပေ ဖြင့်လည်းကောင်း၊ ၆၆ ကေဗွီ သို့မဟုတ် ၆၆,၀၀၀ ဗို့အားအဆင့်အရှိ မဟာဓာတ်အားလိုင်းကို ဓာတ်အားလိုင်း၏ ဗဟိုမျဉ်းမှ တစ်ဖက်တစ်ချက်သို့ အကျယ် ၂၅ ပေစီဖြင့် စုစုပေါင်း ၅၀ ပေဖြင့်လည်းကောင်း ဓာတ်အားလိုင်း နယ်မြေများ အသီးသီးသတ်မှတ်ခဲ့ကြောင်း သိရှိရပါသည်။

လျှပ်စစ်ဥပဒေပုဒ်မ ၅၁ အရ လျှပ်စစ်ဓာတ်အားလိုင်းနယ်မြေအတွင်း အဆောက်အအုံဆောက်လုပ်ခြင်း၊ သစ်ပင်စိုက်ပျိုးခြင်းနှင့် အခြားတစ်နည်းနည်းဆောင်ရွက်ခြင်းတို့ ပြုလုပ်ကြောင်း ပြစ်မှုထင်ရှားပါက ယင်းဥပဒေပုဒ်မ ၆၁ အရ အနည်းဆုံးကျပ်တစ်သိန်းမှ အများဆုံး ငွေဒဏ် ကျပ်သုံးသိန်းအထိ ငွေဒဏ်ချမှတ်ခြင်းခံရမည်ဖြစ်ကြောင်းနှင့် ယင်းဥပဒေပုဒ်မ ၆၅ အရ ကျူးလွန်မှုကြောင့် ခွင့်ပြုမိန့်ရရှိသူတွင် ထိခိုက်ဆုံးရှုံးမှု တစ်စုံတစ်ရာပေါ်ပေါက်ပါက ယင်းထိခိုက်ဆုံးရှုံးသည့်တန်ဖိုးအတွက် ဝန်ကြီးဌာနက သတ်မှတ်သည့်နည်းလမ်းအတိုင်း တွက်ချက်သည့်နစ်နာကြေးကို ပေးလျော်ရမည်ဖြစ်ပါသည်။ ယင်းသို့

ဓာတ်အားလိုင်းနယ်မြေ သတ်မှတ်ခြင်းအားဖြင့် လူနှင့်တိရစ္ဆာန်တို့ကို လျှပ်စစ်သံလိုက်လှိုင်းများမှ ထိခိုက်မှုနည်းစေရန် ကာကွယ်နိုင်မည်ဖြစ်ကြောင်း သိရှိရပါသည်။

နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း အမိန့်နှင့်ညွှန်ကြားချက်များဌာနခွဲ
ဥပဒေမူကြမ်းစိစစ်ရေးဌာနခွဲ
ဥပဒေရေးရာဝန်ကြီးဌာန

သတင်းအရင်းအမြစ်: လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

## အွန်လိုင်းတွင်ပြောဆိုမှုများနှင့် စပ်လျဉ်းသည့်ဥပဒေ(မူကြမ်း)ကို ဂျော်ဒန်ဘုရင်က အတည်ပြုခဲ့ခြင်း

မကောင်းမှုများကို လှုံ့ဆော်ခြင်း သို့မဟုတ် သွေးထိုးလှုံ့ဆော်ခြင်း၊ ကူညီပေးခြင်း၊ အားပေးခြင်းများအပါအဝင် အွန်လိုင်းတွင် အမျိုးမျိုးသော ပြောဆိုမှုများကို အပြစ်ပေးရန် ဥပဒေမူကြမ်း တစ်ခုကို ဂျော်ဒန်ဘုရင် အဗ္ဗဒူလာ ၂ က အတည်ပြုခဲ့ပါသည်။ ထိုကဲ့သို့သော အွန်လိုင်းတွင် ပြောဆိုသည့် စာသားများသည် ဒဏ်ငွေ သို့မဟုတ် ထောင်ဒဏ်ကျခံနိုင်သည့် ပြုလုပ်မှုများဖြစ်ပါသည်။ ဘာသာရေးကို မထီမဲ့မြင်ပြုခြင်း သို့မဟုတ် အမျိုးသားစည်းလုံးမှုကို လျော့ပါးစေခြင်းတို့ကို ဖော်ပြသည့် စာသားများကိုလည်း တားမြစ်ထားသည်။

အဆိုပါ ဥပဒေမူကြမ်းကို လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့အစည်း ( Human Rights Watch HRW)၊ Access Now နှင့် လူ့အခွင့်အရေးများအတွက် Gulf စင်တာ (Gulf Center for Human Rights) ကဲ့သို့ များစွာသော လူ့အခွင့်အရေးအဖွဲ့အစည်းများက ဥပဒေပြဋ္ဌာန်းချက်သည် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် သတင်းအချက်အလက် အခွင့်အရေးအပါအဝင် ဒစ်ဂျစ်တယ်အခွင့်အရေးများကို ထိခိုက်စေသည်ဟု ဝေဖန်သုံးသပ်ခဲ့ကြသည်။ HRW က ထိုကဲ့သို့ မရေရာသော ပြဋ္ဌာန်းချက်များသည် ဂျော်ဒန်၏အုပ်ချုပ်ရေးဆိုင်ရာဝန်ရှိသူများအတွက် လွတ်လပ်စွာပြောဆိုခွင့်ကို ကျင့်သုံးသည့် တစ်ဦးချင်းစီကို အပြစ်ပေးရန်နှင့် အမှုအများစုတွင် နိုင်ငံသားများကို ပြစ်ဒဏ်ချမှတ်ရန် တရားသူကြီးများကို ဖိအားပေးနိုင်ရန်အတွက် လမ်းပွင့်နေကြောင်း ဖော်ပြခဲ့ပါသည်။

ဂျော်ဒန်ဝန်ကြီးချုပ် Bisher Al-Khasawneh က အဆိုပါ ဥပဒေမူကြမ်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် ကာကွယ်ထားသောပြောဆိုမှုများကိုပစ်မှတ်ထားလိမ့်မည်မဟုတ်ဟု ယခင်ကပြောခဲ့သော်လည်း အတိုက်အခံနိုင်ငံရေးသမားများနှင့် တက်ကြွလှုပ်ရှားသူများက အဆိုပါ ဥပဒေမူကြမ်းသည် အစိုးရအားဝေဖန်သည့် ပြောဆိုမှုများကို ပစ်မှတ်ထားရန် အသုံးပြုလိမ့်မည်ဟု စိုးရိမ်ပူပန်မှုများကို ထုတ်ဖော်ပြောဆိုခဲ့ပါသည်။

လွန်ခဲ့သော နှစ်များက ဂျော်ဒန်အာဏာပိုင်များသည် ၁၉၅၄ ခုနှစ်ရာဇဝတ်မှု ကာကွယ်ရေးဥပဒေ၊ ၁၉၆၀ ခုနှစ် ပြစ်မှုဆိုင်ရာဥပဒေ၊ ၂၀၀၆ခုနှစ် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေနှင့် ၂၀၁၅

ခုနှစ် ဆိုက်ဘာဥပဒေများကဲ့သို့သော ဥပဒေများဖြင့် ပြည်တွင်းလွတ်လပ်ခွင့်များကို ကန့်သတ်ခဲ့သည်။

အဆိုပါ ဥပဒေမူကြမ်းသည် ဂျော်ဒန်နိုင်ငံ၏ ၂၀၁၅ ခုနှစ် ဆိုက်ဘာဥပဒေကို အစားထိုးခြင်းဖြစ်ပြီး နိုင်ငံတော်ပိုင်သတင်းစာ Al-Rai တွင် ဖော်ပြပြီးနောက် တစ်လအကြာတွင် အာဏာသက်ဝင်မှုရှိမည်ဖြစ်ပါသည်။

အပြည်ပြည်ဆိုင်ရာဥပဒေနှင့်အာဆီယံရေးရာဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

Source: https://www.jurist.org/news/2023/08/king-of-jordan-approves-online-speech-legislation-despite-rights-concerns/

## ဂျပန်နိုင်ငံ၏ နိုင်ငံခြားရှေ့နေမှတ်ပုံတင်စနစ်

ဂျပန်နိုင်ငံတွင် မိမိနိုင်ငံဥပဒေဖြင့် လည်းကောင်း၊ အခြားနိုင်ငံတစ်နိုင်ငံ၏ ဥပဒေဖြင့် လည်းကောင်း ဂျပန်နိုင်ငံအတွင်း ဥပဒေပညာလုပ်ငန်း လုပ်ကိုင်လိုသောရှေ့နေများ လိုက်နာဆောင်ရွက်ရမည့်သတ်မှတ်ချက်များနှင့် မှတ်ပုံတင်ခြင်းလုပ်ထုံးလုပ်နည်းများနှင့်စပ်လျဉ်း၍ The Act on Special Measures Concerning the Handling of Legal Services by Foreign Lawyers (“Foreign Lawyers Act”) ကို ၁၉၈၇ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပါသည်။

မှတ်ပုံတင်နိုင်ငံခြားရှေ့နေ (Registered Foreign Lawyer) အဖြစ် လုပ်ကိုင်နိုင်ရန် အတွက် (၁) တရားရေးဝန်ကြီး၏ သဘောတူခွင့်ပြုချက်ရရှိရန်နှင့် (၂) သဘောတူခွင့်ပြုချက်ရရှိပြီးပါက ဂျပန်နိုင်ငံရှေ့နေများအသင်းချုပ် (Japan Federation of Bar Associations – JFBA) နှင့် ဒေသန္တရရှေ့နေအသင်းတစ်ခုတို့တွင် အထူးအသင်းဝင် (Special Member) အဖြစ် အသီးသီးဝင်ရောက်မှတ်ပုံတင်ရန်လိုအပ်ပါသည်။ မှတ်ပုံတင်နှင့်လိုင်စင်ခွန် (Registration and License Tax) အဖြစ် ဂျပန်ယန်း ၆၀,၀၀၀ နှင့် JFBA မှတ်ပုံတင်ကြေးအဖြစ် ယန်း ၃၀,၀၀၀ အသီးသီးပေးသွင်းရပါသည်။

မှတ်ပုံတင်နိုင်ငံခြားရှေ့နေတစ်ဦးသည် ၎င်းရရှိသည့် လိုင်စင်တွင် ခွင့်ပြုထားသော နိုင်ငံ၏ ဥပဒေနယ်ပယ်၌သာ လုပ်ကိုင်ဆောင်ရွက်နိုင်ပါသည်။ ယခုအခါ နိုင်ငံတကာအနုညာတစီရင်ဆုံးဖြတ်ခြင်းဖြင့်ဆောင်ရွက်သည့်အမှု (international arbitration cases) များတွင် အမှုသည်များကို ကိုယ်စားပြုခွင့်ရရှိမည်ဖြစ်ပြီး ဂျပန်နိုင်ငံသားအချင်းချင်းအကြားဖြေရှင်းသည့် အနုညာတအမှုများတွင်မူ ကိုယ်စားပြုဆောင်ရွက်ခြင်းမပြုနိုင်ပါ။

မှတ်ပုံတင်နိုင်ငံခြားရှေ့နေအဖြစ် တရားရေးဝန်ကြီး၏ သဘောတူခွင့်ပြုချက်ရရှိရန် တင်ပြရာတွင် သတိပြုရမည့်အချက်များအနက် ရာဇဝတ်မှုဖြင့် အရေးယူခံရဖူးသူ၊ ရှေ့နေအဖြစ်မှ ထုတ်ပယ်ခံရဖူးသူ၊ ပြည်သူ့ဝန်ထမ်းအဖြစ်မှ ထုတ်ပယ်ခံရဖူးသူ မဖြစ်ရန်လိုအပ်သည့်အပြင် ထိုသို့ အရေးယူခံရပြီးနောက် ၃ နှစ်ကာလ မကုန်ဆုံးသေးခြင်း စသည့် ကန့်သတ်ချက်များသည် ဂျပန်နိုင်ငံတွင် မှတ်ပုံတင်နိုင်ငံခြားရှေ့နေအဖြစ် လုပ်ကိုင်လိုသူများအတွက် သတိပြုသင့်သည့်အချက်များ ဖြစ်ပါသည်။ အခြားအရည်အချင်းများနှင့် စပ်လျဉ်း၍ Foreign Lawyers Act အပိုဒ် ၁၀ တွင် ပြဋ္ဌာန်းထားရာ

သက်ဆိုင်ရာနိုင်ငံတွင် ဥပဒေပညာလုပ်ငန်း လုပ်ကိုင်ရန်အတွက် တရားဝင်လိုင်စင်ရရှိထားခြင်း၊ ဥပဒေပညာသင်ယူပြီး အနည်းဆုံး ၃ နှစ် လုပ်ငန်းအတွေ့အကြုံရှိခြင်း၊ ဥပဒေဝန်ဆောင်မှုလုပ်ငန်းကို သဘောရိုးဖြင့် ဆောင်ရွက်လိုသောဆန္ဒရှိခြင်း၊ ဂျပန်နိုင်ငံဥပဒေကို လိုက်နာဆောင်ရွက်ပြီး လုပ်ငန်းတစ်ခုလုပ်ကိုင်ရန် ရည်ရွယ်ချက်ရှိသူဖြစ်ခြင်း၊ ဂျပန်နိုင်ငံတွင်နေထိုင်သူဖြစ်ခြင်း၊ ဥပဒေဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်ရန် ငွေကြေးအင်အားရှိခြင်းတို့ ပါဝင်ပါသည်။ ဘာသာစကားကို အရည်အချင်းဆိုင်ရာ လိုအပ်ချက်တစ်ရပ်အဖြစ် ပြဋ္ဌာန်းထားခြင်း မရှိသော်လည်း မိမိဆောင်ရွက်မည့် ဥပဒေဝန်ဆောင်မှုအတွက် လိုအပ်သောဘာသာစကားအား တတ်ကျွမ်းထားခြင်းမှာ အရေးပါသည့်လိုအပ်ချက်တစ်ရပ်ဖြစ်ပါသည်။

မှတ်ပုံတင်နိုင်ငံခြားရှေ့နေတစ်ဦးသည် ဂျပန်နိုင်ငံ၏ Foreign Lawyers Act ကိုလည်းကောင်း၊ ဂျပန်နိုင်ငံရှေ့နေများအသင်းချုပ်နှင့် ဒေသန္တရရှေ့နေများအသင်းတို့က ထုတ်ပြန်သော စည်းမျဉ်းစည်းကမ်းများကိုလည်းကောင်း ဖောက်ဖျက်ပါက ဂျပန်နိုင်ငံရှေ့နေများအသင်းချုပ်၊ စည်းကမ်းထိန်းသိမ်းရေးကော်မတီ၏ ဆုံးဖြတ်ချက်ဖြင့် အရေးယူခြင်းခံရမည်ဖြစ်ပါသည်။ မှတ်ပုံတင်နိုင်ငံခြားရှေ့နေတစ်ဦးအပေါ် စည်းကမ်းထိန်းသိမ်းရေး အရ အရေးယူနိုင်သည့် ပြစ်ဒဏ် ၄ မျိုးရှိပြီး ယင်းတို့မှာ (၁) သတိပေးခြင်း၊ (၂) ၂ နှစ်ထက်မပိုသော လုပ်ငန်းလုပ်ကိုင်ခွင့်ဆိုင်းငံ့ခြင်း၊ (၃) ဒေသန္တရရှေ့နေအသင်းဝင် အဖြစ်မှ ရပ်သိမ်းခြင်း၊ (၄) ဥပဒေဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် ပိတ်သိမ်းခြင်းတို့ဖြစ်ကြောင်း တွေ့ရှိရပါသည်။

စီးပွားရေးစာချုပ်စာတမ်းများဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ရည်ညွှန်းကိုးကားချက်များ

- The Act on Special Measures Concerning the Handling of Legal Services by Foreign Lawyers 1987.
- Tokyo Bar Association, Foreign Lawyers Registration and Admission, <https://www.toben.or.jp/english/f-lawyer/flra.html> Accessed: August 22/2023

**Facebook နှင့် Instagram App အသုံးပြုသူများ၏ ကိုယ်ရေးအချက်အလက်များအား အသုံးချ၍ ပစ်မှတ်ထားကြော်ငြာခြင်းအတွက် ဒဏ်ငွေရိုက်ခြင်းအား ရပ်ဆိုင်းပေးရန် facebook ပိုင်ရှင် META Company က နော်ဝေးတရားရုံးတွင် တောင်းဆိုခဲ့ခြင်း**

ဥရောပအထိ ကျယ်ကျယ်ပြန့်ပြန့် ဂယက်ရိုက်ခတ်နိုင်သည့် ကိစ္စတစ်ခုဖြစ်သည့် အသုံးပြုသူများ၏ ကိုယ်ရေးအချက်အလက်လုံခြုံမှုများကို ချိုးဖောက်သဖြင့် facebook နှင့် instagram app တို့၏ ပိုင်ရှင် META company အား နော်ဝေးနိုင်ငံ၏ ပုဂ္ဂိုလ်ဆိုင်ရာ အချက်အလက်လုံခြုံရေးအဖွဲ့ (Datatilsynet) က ဒဏ်ငွေချမှတ်ထားခြင်းကို ရပ်တန့်ပေးရန် META company က နော်ဝေးနိုင်ငံ အော်စလိုခရိုင်တရားရုံးတွင် အင်္ဂါနေ့က တောင်းဆိုခဲ့သည်။

META Company သည် နည်းပညာဆိုင်ရာကုမ္ပဏီကြီးများတွင်အသုံးများသည့် အလေ့အကျင့်တစ်ခုဖြစ်သည့် သုံးစွဲသူများ၏အချက်အလက်များကိုစုဆောင်း၍ ၎င်းတို့အား ပစ်မှတ်ထားကြော်ငြာရန် အသုံးပြုခြင်းအတွက် ဩဂုတ်လ ၁၄ ရက်နေ့မှစတင်၍ တစ်ရက် လျှင် အမေရိကန်ဒေါ်လာ ၉၄,၁၁၃ နှင့် ညီမျှသည့် နော်ဝေ ငွေကြေး ခရောင်း ၁ သန်း (1 million crowns) ဒဏ်ငွေပေးဆောင်ရန် အမိန့် ချမှတ်ခံခဲ့ရပါသည်။

META Company အနေဖြင့် ပုဂ္ဂိုလ်ဆိုင်ရာအချက်အလက်များ အသုံးပြုခြင်းအပေါ် ပြန်လည်ကုစားခြင်းမပြုပါက ကုမ္ပဏီအား ဒဏ်ငွေရိုက်ရန် စီစဉ်ထားကြောင်း နော်ဝေးနိုင်ငံပုဂ္ဂိုလ်ဆိုင်ရာ အချက်အလက်လုံခြုံရေးအဖွဲ့က လွန်ခဲ့သော ဇူလိုင်လ ၁၄ ရက်နေ့ကတည်းက META သို့ ပြောကြားခဲ့ပြီး ဩဂုတ် ၇ ရက်နေ့တွင် အထက်ပါ ဒဏ်ငွေချမှတ်သည့် အမိန့်ကို ချမှတ်ခဲ့ခြင်းဖြစ်သည်။

META Company အနေဖြင့် နိုဝင်ဘာလ ၃ ရက်နေ့အထိ နေ့စဉ် ဒဏ်ငွေချမှတ်မည့် အဆိုပါ အမိန့်ကို ဆန့်ကျင်သည့် ယာယီတားမြစ်မိန့်တစ်ရပ် ချမှတ်ပေးရန် တောင်းဆိုထားသည်။ "Meta သည် facebook နှင့် Instagram အသုံးပြုသူများထံမှ အချက်အလက်အသုံးပြုခြင်းအတွက် ခွင့်ပြုချက်တောင်းခံရန် ကတိကဝတ်ပြုထားပြီးဖြစ်သည်" ဟု ကုမ္ပဏီ ကိုယ်စားပြုရှေ့နေ Christian Reusch ကတရားရုံးတွင် ပြောကြားခဲ့သည်။ နော်ဝေးနိုင်ငံ ပုဂ္ဂိုလ်ဆိုင်ရာအချက်အလက်လုံခြုံရေးအဖွဲ့သည်

မြန်ဆန်သောလုပ်ငန်းစဉ်ကို မလိုအပ်ဘဲ အသုံးပြုခဲ့ပြီး META Company အား ဖြေရှင်းရန် အချိန်လုံလောက်စွာ မပေးခဲ့ကြောင်းလည်း Reusch က ပြောကြားခဲ့သေးသည်။

"META သည် အသုံးပြုသူများထံမှ ခွင့်ပြုချက်ကို မည်သည့်အချိန်တွင် မည်သို့ရယူမည်ကို ယခုထိ ရှင်းလင်းစွာဖော်ပြထားခြင်းမရှိသေးကြောင်း၊ ထိုကာလအတွင်း သုံးစွဲသူများ အနေဖြင့် ၎င်းတို့၏အခွင့်အရေးများကို ချိုးဖောက်ခံနေရကြောင်းနှင့် META အပေါ် ၎င်းတို့ ချမှတ်ခဲ့သည့် ငွေဒဏ်အမိန့်အား ယာယီတားမြစ်မိန့်ချရန်အကြောင်း ပေါ်ပေါက်ခြင်းမရှိဟု တရားရုံးတွင်ချေပသွားမည်ဖြစ်ကြောင်း" နော်ဝေးနိုင်ငံ ပုဂ္ဂိုလ်ဆိုင်ရာအချက်အလက်လုံခြုံရေးအဖွဲ့၏ ကြီးကြပ်ရေးမှူး Tobias Judin ပြောကြားခဲ့သည်။

နော်ဝေးနိုင်ငံ ပုဂ္ဂိုလ်ဆိုင်ရာအချက်အလက်လုံခြုံရေးအဖွဲ့သည် ၎င်းတို့၏ ဆုံးဖြတ်ချက်ကို ဥရောပပုဂ္ဂိုလ်ဆိုင်ရာ အချက်အလက်လုံခြုံရေးဘုတ်အဖွဲ့ထံ တင်ပြ၍ ဘုတ်အဖွဲ့က သဘောတူပါက ငွေဒဏ်အားအမြဲတမ်းပြစ်ဒဏ်အဖြစ်ချမှတ်နိုင်မည်ဖြစ်ပြီး အဆိုပါဆုံးဖြတ်ချက်သည်ဥရောပတစ်ခွင် အထိကျယ်ပြန့်သွားစေနိုင်မည်ဖြစ်သည်။ သို့သော်လည်း အဆိုပါလုပ်ဆောင်ချက်အား လတ်တလော ဆောင်ရွက်ခြင်းမရှိသေးကြောင်းသိရှိရသည်။

ပြည်တွင်း ပြည်ပဆက်ဆံရေးနှင့် သတင်းပြန်ကြားရေးဌာနခွဲ<br>ဝန်ကြီးရုံး<br>ဥပဒေရေးရာဝန်ကြီးဌာန

Source: https://www.reuters.com/technology/facebook-owner-meta-platforms-seeks-stop-privacy-breach-fine-norway-2023-08-22/

ဥပဒေရေးရာဝန်ကြီးဌာန
အပတ်စဉ်သတင်းလွှာ
အတွဲ (၁) အမှတ် (၁၅)　　၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်

**ဥပဒေရေးရာဝန်ကြီးဌာန၊ အပတ်စဉ်သတင်းလွှာအား ဥပဒေရေးရာဝန်ကြီးဌာန website တွင် အောက်ပါအတိုင်း ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။**

